မကောင်းမှုအကုသိုလ်တွေ ရှောင်ကြဉ်ဖြစ်ပြီး ကောင်းမှုကုသိုလ်တွေ တစ်နေ့တခြား တိုးပွားလာနိုင်ပါတယ်။ စိတ်ဓာတ်ခိုင်မာရင့်ကျက်ပြီး အသိဉာဏ် တိုးတက်မြင့်မားလာနိုင်ပါတယ်။ ကောင်းမြတ်တဲ့ ကံဟောင်း၊ ကံသစ်တွေ လမ်းပွင့်ပြီး စည်းစိမ်အထွေထွေ၊ ကျက်သရေအမျိုးမျိုးနဲ့ ပြည့်စုံနိုင်ပါတယ်။ ကံအရှိန်နဲ့ ထိုက်တန်စွာ လိုတိုင်းရ၊ တတိုင်းပြီးနိုင်ပါတယ်။ အနာဂတ် သံသရာမှာလည်း ထူးခြားဆန်းကြယ် အံ့သြဖွယ်ကောင်းတဲ့ အကျိုးတရားတွေ အလျှံပယ်ရရှိနိုင်ပါတယ်။ နောက်ဆုံးမှာ မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်ပြီး သံသရာဇာတ်သိမ်း ဒုက္ခငြိမ်းနိုင်ပါတယ်။

ကိုယ့်စိတ်မှာ သောကတစ်ခုခု ဖြစ်နေတဲ့အချိန် ဘုရားဂုဏ်တော် ဘယ်လိုပွားရမလဲ စဉ်းစားမနေပါနဲ့။ 'သောကခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား' လို့သာ ထပ်တလဲလဲ ပွားလိုက်ပါ။ နှလုံးသားထဲက သောက မီးတောက်တွေ ချက်ချင်း၊ သို့မဟုတ် တဖြည်းဖြည်း ငြိမ်းသွားပါလိမ့်မယ်။

'ကိုယ်တော်တိုင်သာ သောကငြိမ်းတာ မဟုတ်

ဘူး၊ သတ္တဝါတွေရဲ့ သောကကိုလည်း ငြိမ်းအောင် လုပ်ပေးတယ်၊ သတ္တဝါ ဝေနေယျတွေရဲ့ သောကဆူးငြောင့်ကို ပယ်နုတ်ပေးတော်မူသော မြတ်စွာဘုရား၊ သောကငြိမ်းကြောင်းတရားကောင်းများကို ဟောကြားတော်မူသော မြတ်စွာဘုရား' လို့ပါ ဆက်ပွားနိုင်မယ်ဆိုရင်တော့ စိတ်ထဲက သောကမီးတွေ ငြိမ်းအေးသွားတဲ့အပြင် ဘုရားရှင်ကို ကြည်ညိုမြတ်နိုးတဲ့ စိတ်တွေလည်း အလေးအနက် ပေါ်ပေါက်လာပါတယ်။ သူတစ်ပါးတို့ရဲ့ သောကကို ပယ်ဖျောက်ပေးချင်တဲ့ မေတ္တာကရုဏာတရားတွေလည်း တိုးပွားလာပါတယ်။

ဒီလိုဆိုရင် ဂုဏ်တော်ပွားတာဟာ အန္တရာယ်ကင်း, လာဘ်ရွှင်ဖို့၊ စီးပွားတက်, ရာထူးတိုးဖို့၊ အကြံအောင်မြင်, လိုအင်ပြည့်ဝဖို့ မဟုတ်ဘူးဆိုတာ သဘောပေါက်လောက်ပါပြီ။ ကိုယ့်စိတ်ဓာတ်နဲ့ကိုယ့်လုပ်ရပ်ကို အကောင်းဆုံး၊ အမြတ်ဆုံးဖြစ်အောင် ပြုပြင်ဖန်တီး တည်ဆောက်ဖို့ ဂုဏ်တော်ပွားတာပါ။

စိတ်ဓာတ်နဲ့ လုပ်ရပ် ကောင်းမြတ်ခြင်းဆိုတဲ့ ပင်မ

ခွင်ရိုက်မယ်ဆိုရင် ကိုယ့်ရဲ့ အတ္တဟိတအလုပ်ကြောင့် ပရ-ဟိတ မဖြစ်တဲ့အပြင် အကုသိုလ်တရားတွေပါ တိုးပွားသွားပါတယ်။ မခို၊ မခိုး၊ အကြံအဖန်မလုပ်၊ ခွင်မရိုက်ဘဲ အကောင်းဆုံးဖြစ်အောင် လုပ်မယ်ဆိုရင်တော့ ကိုယ့်ရဲ့ အတ္တဟိတအလုပ်ကြောင့် ပရဟိတလည်း ဖြစ်၊ ကုသိုလ်တရားလည်း တိုးပွားသွားပါတယ်။ ပစ္စုပ္ပန် လောလောဆယ်မှာလည်း ကိုယ့်ရဲ့ အလုပ် ပိုပြီး အောင်မြင်တိုးတက် ကြီးပွားချမ်းသာနိုင်ပါတယ်။

နာမည်ကြီးအမှတ်တံဆိပ်တစ်ခု ကိတ်မုန့်တွေဟာ မှိုတက်နေတာတွေပဲများလို့ အဲဒီအမှတ်တံဆိပ်မုန့်ဆိုရင် ဘာမုန့်မှ စားချင်စိတ်မရှိတော့ပါဘူး။ စာရေးသူရဲ့ တူလေး နှစ်နှစ်ခွဲ၊ သုံးနှစ်အရွယ်တုန်းက အဲဒီ အမှတ်တံဆိပ် ကိတ်မုန့်ဗူး သူ့ကိုပေးတိုင်း ဗူးခွံပေါ်က အမှတ်တံဆိပ်ကိုကြည့်ပြီး 'ဟင် .... ကြီး' ဆိုပြီး ခေါင်းရမ်း၊ မျက်နှာလွှဲခဲ့ဖူးပါတယ်။ စာမဖတ်တတ်သေးတဲ့ ကလေးကတောင် ဒီအမှတ်တံဆိပ်ဆိုရင် မှိုတက်တွေမှန်း သိလို့ လက်မခံပါဘူး။

'ရွှေ' နဲ့ စ , တဲ့နာမည်ကြီး အမှတ်တံဆိပ်တစ်ခု

